# ၁၉၆၁-ခုနှစ်၊နိုင်ငံတော်ဘာသာသာနစချီးမြှောက် ထောက်ပံ့ရေးအက်ဥပဒေ

(၁၉၆၁-ခုနှစ်၊ အက်ဥပဒေအမှတ်၂၄)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ နိုင်ငံတော်ဘာသာ သာသနာချီးမြှောက်ထောက်ပံ့ရေး အက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌ ဗုဒ္ဓဘာသာဝင်စာသင်သားများအား၊ ဗုဒ္ဓဘာသာတရားစာများကို သင်ကြားစေရမည်။

ဗုဒ္ဓဘာသာဝင် စာသင်သားများအတွက် ဗုဒ္ဓဘာသာ တရားစာများကို သင်ကြားခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌-

(က) ဗုဒ္ဓဘာသာဝင်စာသင်သားများအတွက် ဗုဒ္ဓဘာသာတရားစာမေးပွဲများကျင်းပစေရမည်။

(ခ) အဆိုပါစာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်ချီးမြှင့်ရမည်။

(ဂ) အဆိုပါစာမေးပွဲကို ထူးချွန်စွာ အောင်မြင်သူများအား ဆုများ ချီးမြှင့်ရမည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မအရ ကျင်းပသည့်စာမေးပွဲတွင်အောင်သူများအား အောင်လက်မှတ်များကိုသာ ထုတ်ပေးရန်ဖြစ်၍ မအောင်လျှင်၊ အတန်းမတက်ရသော စာမေးပွဲမဖြစ်စေရ။

၃။ ။ ပြည်ထောင်စုနိုင်ငံအတွင်းရှိ တက္ကသိုလ်အားလုံးနှင့် ထိုတက္ကသိုလ်များ လက်အောက်ရှိ ကောလိပ်များတွင် ဗုဒ္ဓဘာသာကျမ်းစာများသင်ယူလိုသူ အလုံ အလောက်ရှိလျှင်၊ ထိုသူတို့အား အခြားဘာသာရပ်များ သင်ယူဖြေဆိုသည့်နည်းတူ သင်ယူဖြေဆိုခွင့်ပြုရမည်။

တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဗုဒ္ဓဘာသာကျမ်းစာများ သင်ယူဖြေဆိုခွင့်ပေးခြင်း။

၄။ ။ အစိုးရသို့တည်းမဟုတ်ဘုတ်အဖွဲ့ မြူနီစပါယ်အဖွဲ့ သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်များသည် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ပါဠိပညာရေးအဖွဲ့ သို့တည်းမဟုတ် ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့အစရှိသော အက်ဥပဒေဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုခုက ကျင်းပသော ဗုဒ္ဓဘာသာစာမေးပွဲ တစ်ခုခုအတွက် အမှန်တကယ် လေ့လာပြင်ဆင်ပြီး၊ ထိုစာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် မိမိလက်အောက်ရှိ

ဗုဒ္ဓဘာသာစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် ခွင့်ရက်ပေးခြင်း။

ရာထမ်း၊မှုထမ်းများအား၊ ထိုစာမေးပွဲကျင်းပသောရက်များနှင့် ထိုစာမေးပွဲကျင်းပရာ အနီးဆုံးဌာနသို့ အသွားအတွက်နှင့် ထိုဌာနမှ အပြန်အတွက် အမှန်လိုအပ်သောရက်များအတွက် တည်ဆဲတရားဥပဒေအရ ခံစားခွင့်ရှိသည့် ခွင့်ရက်များထဲမှ နိုင်ငံတော်သမ္မတက ဤကိစ္စ အလို့ငှာ ပြုလုပ်သော နည်းဥပဒေများနှင့်အညီ ခွင့်ပေးရမည်။

**ဆရာအတတ်သင်ကျောင်းများတွင် ဗုဒ္ဓဘာသာတရားစာများကို သင်ယူနိုင်သောဘာသာတစ်ရပ်ဖြစ်စေခြင်း။**

၅။ ။ (၁) အစိုးရဆရာအတတ်သင်ကျောင်းများနှင့်တက္ကသိုလ်ဆရာ အတတ်သင်ကျောင်းအားလုံးတွင် ဗုဒ္ဓဘာသာတရားစာများကို သင်တတ်ပြတတ်အောင် သင်ကြားမှုကို ဘာသာတစ်ရပ် အနေဖြင့် သင်ကြားပေးရမည်။

(၂) ထိုဘာသာရပ်ကို ဗုဒ္ဓဘာသာဝင်ဆရာလောင်းများအတွက် မယူမနေရဘာသာရပ်တစ်ခုဖြစ်စေပြီး၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ဆရာလောင်းများအတွက် သင်ယူလိုကသင်ယူနိုင်သော ဘာသာရပ်ဖြစ်စေရမည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မအရ သင်ကြားပြသပေးသည့် ဘာသာရပ်တွင် အောင်သူများအား အောင်လက်မှတ်များကိုသာ ထုတ်ပေးရန်ဖြစ်၍ မအောင်လျှင် အတန်းမတက်ရသော ဘာသာရပ်မဖြစ်စေရ။

**ဘုန်းတော်ကြီးကျောင်းများကို အစိုးရမူလတန်းကျောင်းသစ်များ ဖွင့်ရာ၌ ဦးစားပေးခြင်း။**

၆။ ။ အစိုးရမူလတန်းကျောင်းသစ်များ ဖွင့်ရာ၌ စာသင်ကျောင်းအတွက် သင့်လျော်လုံလောက်သော အဆောက်အဦးလည်း ရှိ၍ ကျောင်းထိုင်ဘုန်းတော်ကြီးကလည်း အစိုးရက သတ်မှတ်သည့်စည်းကမ်းများကို လက်ခံသည့်ပြင်၊ စာသင်သားများလည်း လုံလောက်စွာရရှိနိုင်မည်ဖြစ်သော ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးရမည်။

**ဗုဒ္ဓဘာသာတရားတော်ကို အသံလွှင့်ခြင်း။**

၇။ ။ အစိုးရအသံလွှင့်ဌာနသည်၊ဥပုသ်နေ့များတွင် တစ်နေ့လျှင် အနည်းတစ်နာရီ အောက်မနည်း အချိန်ခွဲ၍ ဖြစ်စေ၊ တဆက်တည်းဖြစ်စေ၊ ဗုဒ္ဓဘာသာတရားတော်ကို အသံလွှင့်ရမည်။

**အကျဉ်းထောင်များတွင် ဗုဒ္ဓဘာသာတရားစာသင်တန်းများ ဖွင့်လှစ်ထားခြင်း။**

၈။ ။ အစိုးရသည်၊အကျဉ်းထောင်များတွင် အကျဉ်းသားများ ဗုဒ္ဓဘာသာတရားစာများ သင်ယူနိုင်ရန် အလို့ငှာ သင်တန်းများ ဖွင့်လှစ်ထားရှိရမည်။

**ဥပုသ်နေ့များတွင် အစိုးရနှင့် ဒေသန္တရ အာဏာပိုင်ရုံးများ ပိတ်ခြင်း။**

၉။ ။ အစိုးရ၊ ဘုတ်အဖွဲ့၊ မြူနီစပါယ်အဖွဲ့၊ သို့တည်းမဟုတ် အခြားဒေသန္တရ အာဏာပိုင်များသည်-

(က) ပြည်ထောင်စုနိုင်ငံအတွင်းရှိ မိမိတို့၏ ရုံးများကို ဥပုသ်နေ့များ တွင် ပိတ်ရမည်။

(ခ) မိမိတို့၏စာသင်ကျောင်းများကိုလည်း၊ ဥပုသ်နေ့များတွင် ပိတ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင် လုပ်ငန်းသဘောအရ ဥပုသ်နေ့တွင် ပိတ်ရန်မဖြစ်နိုင်ဟူ၍ လုံလောက်သောအကြောင်းများရှိနေသည့်ရုံးများကို ဥပုသ်နေ့အစား သင့်တော်သောနေ့တစ်နေ့တွင် ပိတ်ရန် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

**ဥပုသ်နေ့များတွင် အရက်ဆိုင်များပိတ်ခြင်း။**

၁၀။ ။ (၁)ထန်းရည်၊ ဓနိရည်၊ စိမ်ရည်၊ လျှော်စာရည်၊ ချက်အရက်၊ သို့တည်းမဟုတ် နိုင်ငံခြားအရက်ရောင်းရန် အစိုးရလိုင်စင်ရသော ဆိုင်ရှိုးရှိုးများကို ဥပုသ်နေ့များတွင် ပိတ်ထားရမည်။

(၂) ပျော်ပွဲစားရုံများတွင် ဥပုသ်နေ့များ၌ သေရည်သေရက် ရောင်းခြင်းသို့တည်းမဟုတ် ပေးခြင်းမပြုရ။

(၃) ဟော်တယ်များတွင် တည်းခိုရာအခန်းတွင်းများမှအပ အများနှင့်သက်ဆိုင်သော အခြားမည်သည့်နေရာတွင် မဆို၊ ဥပုသ်နေ့များ၊ သေရည်၊သေရက်ရောင်းခြင်း၊သို့တည်းမဟုတ် ပေးခြင်းမပြုရ။

**အများပြည်သူတို့အတွက် အစိုးရပိဋကတိုက်အားလုံးတွင် ဗုဒ္ဓဘာသာကျမ်းစာများကို ထားခြင်း။**

၁၁။ ။ အများပြည်သူတို့အတွက် ဖွင့်ထားသော အစိုးရပိဋကတိုက်အားလုံးတွင် ပိဋက သုံးပုံပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများနှင့် မြန်မာဘာသာပြန်များ အပြည့်အစုံအပြင်၊ အခြားသင့်လျော်ရာ ဗုဒ္ဓဘာသာကျမ်းစာများကိုလည်း ထားရှိရမည်။

**ပါဠိဘာသာသင်ကြားရေး။**

၁၂။ ။(၁) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံးတွင် ပါဠိဘာသာကို သင်ယူလိုသောစာသင်သား အလုံအလောက် ရှိလျှင် ယင်းဘာသာကို အဌမတန်းမှစ၍ အခြားဘာသာရပ်များ နည်းတူ သင်ယူဖြေဆိုနိုင်စေရန်နှင့် သင်ယူလိုသူများအတွက် ဆရာများလည်း လုံလောက်စွာ ရှိစေရန် စီစဉ်ပေးရမည်။

(၂) ပါဠိဘာသာသည် ပြည်ထောင်စုနိုင်ငံအတွင်းရှိတက္ကသိုလ်ဝင်စာမေးပွဲ အားလုံးအတွက် တက္ကသိုလ်ဝင်ခွင့်ရ ဘာသာရပ်များအနက် ကျောင်းသားများ ရွေးချယ်ခွင့်ရှိသည့် ဘာသာရပ် တစ်ရပ်ဖြစ်စေရမည်။

(၃) ရာထူးဝန်အဖွဲ့သည်၊မည်သည့်ရာထူးအတွက်မဆို အပြိုင်စာမေးပွဲကျင်းပ၍ဖြစ်စေ၊ မကျင်းပဘဲဖြစ်စေ၊ လူများရွေးချယ်ရာတွင် ပါဠိဘာသာကို အခြားဘာသာများနှင့် တန်းတူတန်ဘိုးထားပြီးရွေးချယ်ရမည်။

၁၃။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို သို့တည်းမဟုတ် ဤအက်ဥပဒေအရထုတ်သော မည်သည့်အမိန့်ကိုမဆိုလိုက်နာဆောင်ရွက်ရန်အလို့ငှာ မည်သည့်အာဏာပိုင်အားမဆို၊ ညွှန်ကြားချက်များ ထုတ်နိုင်သည်။

ညွှန်ကြားချက်များ ထုတ်နိုင်သည့် အာဏာ။

(၂) အထက်ပါအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါညွှန်ကြားချက်များသည်။ အထူးအားဖြင့် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်-

(က)တရားရုံးတိုင်းတွင် သို့တည်းမဟုတ် တရားရုံးစုတိုင်းတွင် အများအလွယ်တကူကြည်ညိုဖူးမြော်နိုင်သောနေရာသီးခြားဘုရားခန်း၌၊ သို့တည်းမဟုတ်သီးခြားစင်မှာရုံ၌ မြတ်စွာဘုရားရုပ်ပွားတော်တစ်ဆူစီထားရှိရန်ကိစ္စ၊

(ခ) အစိုးရစာသင်ကျောင်းအားလုံးတွင် ဗုဒ္ဓဘာသာဝင် ဆရာဆရာမများနှင့် စာသင်သားများ ဘုရားရှိခိုးခြင်း၊ ဝတ်တက်ခြင်း၊ တရားနာခြင်းပြုနိုင်ရန် အစီအစဉ်များ ပြုလုပ်ပေးရန် ကိစ္စ၊

(ဂ) အစိုးရဆိုင်များကိုဖြစ်စေ၊ မြူနီစပါယ် ဈေးများ၊သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်များ၏ ဈေးများကိုဖြစ်စေ၊ ဥပုသ်နေ့များတွင် ပိတ်ရန်ကိစ္စ၊

(ဃ)တက္ကသိုလ်များ၊ ထိုတက္ကသိုလ်လက်အောက်ရှိ ကောလိပ်များနှင့် အစိုးရစာသင်ကျောင်းအားလုံးတွင် ဆရာဆရာမများနှင့် စာသင်သားအတွက် စာဖတ်ခန်းများ ထားရှိရန် ကိစ္စ၊

(င) အဆိုပါစာဖတ်ခန်းများတွင် ဗုဒ္ဓဘာသာကျမ်းစာများ၊ စာစောင်များနှင့် စာရွက်စာတမ်းများ ထားရှိရန်ကိစ္စ၊

(စ) ပိဋကသုံးပုံပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများနှင့် မြန်မာဘာသာပြန်များထားနိုင်ရန် အကူအညီလိုသည့်ပြည်ထောင်စုနိုင်ငံအတွင်း အများပြည်သူအတွက် ဖွင့်ထားသော ပိဋကတိုက်များကို အစိုးရက ကူညီရန်ကိစ္စ။